# အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေ

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၁၉။] (၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့၌ အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။ သောင်းကျန်းသူများ၏လက်တွင်းသို့ကျရောက်သော မည်သည့်အရပ်ဒေသတွင်မဆို၊ တရားမရုံးများသည်၊ တရားဝင်အစိုးရ၏ မြို့ပြဆိုင်ရာအုပ်ချုပ်ရေးကို ခေတ္တရုပ်သိမ်းသည့်နေ့မှစ၍၊ နိုင်ငံတော်သမတက ထိုအရပ်ဒေသအတွက် အမိန့်ထုတ်ပြန်သတ်မှတ်သည့်နေ့အထိ၊ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၄ ၏ အနက်အဓိပ္ပါယ် အရ၊ ပိတ်ထားသည်ဟု မှတ်ယူရမည်။

၃။ ။ တည်ဆဲအခြားဥပဒေတရပ်ရပ်တွင်သော်၄င်း၊ ငွေချေးပဋိညာဉ်တခုခုတွင်သော်၄င်း၊ အပေါင်စာချုပ် တခုခုတွင်သော်၄င်း မည်သို့ပင် ပါရှိစေကာမူ၊ မည်သည့်အရပ်ဒေသတွင်မဆို၊ တရားဝင်အစိုးရ၏ မြို့ပြဆိုင်ရာအုပ်ချုပ်ရေးကို ခေတ္တရုပ်သိမ်းခြင်းမပြုမီက ထုတ်ပေးသော ချေးငွေပေါ်တွင် ဖြစ်စေ၊ ပေါင်နှံသည့်နေမှ၊ နိုင်ငံတော်သမတက ပုဒ်မ ၂ အရ၊ ထိုအရပ်ဒေသအတွက် သတ်မှတ်သည့် နေ့အထိ၊ ကာလအပိုင်းအခြားအတွက် အတိုး ပေးဆောင်ရန် မထိုက်သင့်စေရ။

၄။ ။ တည်ဆဲ အခြားဥပဒေတရပ်ရပ်၏ ပြဋ္ဌာန်းချက်များအနက်၊ ဤအက်ဥပဒေ၏ ပြဋ္ဌာန်းချက်တခုခုနှင့်မညီညွတ်သော ပြဋ္ဌာန်းချက်သည်၊ အတည်မဖြစ်၊ ပျက်ပြယ်ရမည်။

====================